# "တရုတ်အမြန်ရထား" စီးနင်းလိုက်ပါရန်အချိန်တန်ပြီ

တိုက်တွန်းခြင်းမှ လက်တွေ့ဖော်ဆောင်ခြင်းအထိ၊ ပွိုင့်များစီစဉ်ခြင်းမှ ဘက်ပေါင်းစုံ တိုးချဲ့ခြင်းအထိ၊ လွန်ခဲ့သည့်(၃)နှစ်တာကာလအတွင်း "ရပ်ဝန်းတစ်ခု၊လမ်းကြောင်းတစ်ခု"တည်ဆောက်ရေးလုပ်ငန်းသည် နိုင်ငံတကာလူမှုလောကအသီးသီး၏ တက်ကြွသော တုံ့ပြန်မှုနှင့်ထောက်ခံမှုများရရှိပြီး ကြီးမားလှသော အောင်မြင်မှုများကိုလည်း ရရှိနိုင်ခဲ့သည်။ လမ်းတစ်လျှောက်ရှိ နိုင်ငံများအတွက် တကယ့်ကောင်းကျိုးများ ဆောင်ကြဉ်းပေးနိုင်ခဲ့သည်။

တရုတ်-တူရကီနယ်စပ်ဖြတ်ကျော် E-ကုန်သွယ်မှုစင်မြင့် ဖွင့်လှစ်ခြင်းမှအစ၊ တရုတ်နိုင်ငံက ကိုယ့်အားကိုယ်ကိုးသုတေသနပြုတီထွင်ထားသော(၃)ဆက်မြောက်နျူကလီးယား လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုနည်းပညာဖြစ်သည့် "ဟွာလုံအမှတ်(၁)"မှ ပြည်ပနိုင်ငံသို့ လျှောက်လှမ်းသွားသည်အထိ၊ တတ်ဇစ်ကစတန်နိုင်ငံ၏အမှတ်(၁)ဥမင်ဖြစ်သည့်"vakhdat-Yovon railway" ဖောက်ထွင်းလာခြင်းမှ "အစိမ်းရောင်လမ်းကြောင်း" ဖြင့် လမ်းတစ်လျှောက်ရှိနိုင်ငံများ၏ လယ်ယာထွက်ကုန်များအားဂိတ်ဖြတ်ချိန် ၉၀% လျှော့နည်းစေသည်အထိ . . . ။ သုံးနှစ်နီးပါးကာလအတွင်း အရေးကြီးသောစီမံကိန်းတစ်ရပ်ပြီး တစ်ရပ်လက်တွေ့ဖော်ဆောင်လာခဲ့ပြီး "ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု"ဖြင့် အပြန်အလှန်အကျိုးရရှိစေသောခြေရာများမှာ တစ်နေ့တစ်ခြား နက်ရှိုင်းလာသည်၊ ခိုင်မာလာသည်။

တရုတ်စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ နောက်ဆုံးထုတ်ပြန်ထားသောစာရင်းအရ "ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု" တိုက်တွန်းချက်တင်ပြသည့်အချိန်မှအစ ယခုနှစ်ဇူလိုင်လအထိတရုတ်နိုင်ငံသည် "ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု" တိုက်တွန်းချက်နှင့်ဆက်နွယ်ပတ်သက်သော နိုင်ငံများအပေါ် ရင်းနှီးမြှုပ်နှံမှုပမာဏ စုစုပေါင်းမှာ အမေရိကန်ဒေါ်လာ ၅၁ ဒသမ ၁ ဘီလီယံ အထိ ရှိခဲ့ကြောင်း၊ စီမံကိန်းများအတွက် လမ်းတစ်လျှောက်ရှိ နိုင်ငံများနှင့် အသစ်ချုပ်ဆိုထားသော ကန်ထရိုက်တာစာချုပ်စောင်ရေ ၁ ဒသမ ၂၅ သောင်းရှိပြီး စာချုပ်တန်ဖိုးစုစုပေါင်းမှာ အမေရိကန်ဒေါ်လာ ၂၇၉ ဘီလီယံ ရှိကြောင်း၊ တရုတ်စီးပွားရေးလုပ်ငန်းများက သက်ဆိုင်ရာနိုင်ငံများတွင် တည်ဆောက်ထားသော စီးပွားကုန်သွယ်မှုပူးပေါင်းဆောင်ရွက်မှုဇုန်မှာ (၅၂)ခုရှိပြီး အိမ်ရှင်နိုင်ငံများအတွက် အခွန်ငွေ အမေရိကန်ဒေါ်လာ ၉၀၀ သန်းနှင့် အလုပ်အကိုင်နေရာ (၇)သောင်းကျော် ဖန်တီးပေးနိုင်ခဲ့ကြောင်း သိရှိရသည်။

ထို့အတူ "ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု"လမ်းပေါ်က စည်ကားလှသော စီးပွားရေးအသွားအလာသည် အားနွဲ့ဖွယ်ရှိသော ကမ္ဘာ့ကုန်သွယ်ရေး နောက်ခံကြီးနှင့် နှိုင်းယှဉ်ပါက ထင်ရှားစွာကွာဟလျက်ရှိနေသည်။ ယခုနှစ်(၇)လပတ်ကာလအတွင်း တရုတ်နိုင်ငံသည် ဖိလစ်ပိုင်၊ ရုရှား၊ ထိုင်းနှင့်အိန္ဒိယစသည့် "ရပ်ဝန်းတစ်ခု၊လမ်းကြောင်းတစ်ခု"တိုက်တွန်းချက်နှင့် ဆက်နွယ်ပတ်သက်သော နိုင်ငံများအပေါ် တင်ပို့မှုမှာ ၂၆. ၁% ၊ ၁၄. ၅%၊ ၉. ၄%၊ ၇. ၃%အထိ အသီးသီးတိုးတက်နိုင်ခဲ့သည်။

တရုတ်စီးပွားရေး လုပ်ငန်းများသည် လမ်းတစ်လျှောက်ရှိ နိုင်ငံများနှင့်ချုပ်ဆိုထားသော ဝန်ဆောင်မှုကန်ထရိုက်စာချုပ်များ၏ တန်ဖိုးပမာဏမှာ ယမန်နှစ် အလားတူကာလကထက် ၂၄. ၁% တိုးတက်ခဲ့ပြီး အိုင်တီလုပ်ငန်းဝန်ဆောင်မှု၊ အင်ဂျင်နီယာ လုပ်ငန်းဒီဇိုင်း၊ စက်မှုဒီဇိုင်း၊ထောက်ပံ့ရေးချိန်းကြိုး စီမံခန့်ခွဲရေး ဝန်ဆောင်မှုစသည့် ကဏ္ဍများကို လွှမ်းခြုံလျက်ရှိနေသည်။

တရုတ်လူမှုရေး ဝိဇ္ဇာပညာအကယ်ဒမီကမ္ဘာ့စီးပွားရေးနှင့်နိုင်ငံရေးသုတေသနဌာနမှသုတေသီစိန်ကျိုရှုက သတင်းထောက်များ၏ တွေ့ဆုံမေးမြန်းမှုကို လက်ခံဖြေကြားရာတွင် "ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု" မဟာဗျူဟာသည် တိုတောင်းလှသည့် နှစ်အနည်းငယ်အတွင်း ကြိုတင်မျှော်မှန်းထားသည်ထက် ပိုမိုဖော်ဆောင်ပြီး များသထက်များလာသော နိုင်ငံနှင့်နိုင်ငံတကာအဖွဲ့အစည်းများ ကောင်းချီးပြု၍ အသိမှတ်ပြုပေးခြင်း၏ အရင်းခံအကြောင်းရင်းမှာ တရုတ်နိုင်ငံသည် အတူတကွညှိနှိုင်းဆွေးနွေးခြင်း၊ အတူတကွတည်ဆောက်ခြင်း၊ အတူတကွခံစားခြင်းဟူသော မူဝါဒကိုကျင့်သုံးပြီး သက်ဆိုင်ရာနိုင်ငံများအား စစ်မှန်သော အကျိုးစီးပွားအသိုက်အဝန်း၊ ကံကြမ္မာအသိုက်အဝန်း၊ တာဝန်၏ ဝတ္တရားအသိုက်အဝန်းဖြစ်အောင် လုပ်ဆောင်ထားခြင်းကြောင့်ဖြစ်သည်ဟုပြောသည်။



"ဂလိုဘယ်စီးပွားရေးသည်မတူခြားနားသောစီးပွားရေးအသိုက်အဝန်းများအကြား အပြန်အလှန်မှီခိုနေသည်ကို ကိန်းအောင်းလျက်ရှိသည်။ တရုတ်နိုင်ငံသည် ငွေကြေး၊ နည်းပညာ၊ အရည်အသွေးပြည့်မီသော ကုန်ပစ္စည်းနှင့် တည်ဆောက်ရေးစွမ်းအားများကို ပိုင်ဆိုင်ထားသည်။ လမ်းတစ်လျှောက်ရှိ နိုင်ငံများမှာမူ အထက်ဖော်ပြပါများနှင့် ညီညွတ်သောလိုအပ်ချက်နှင့် ဈေးကွက်များရှိသည်။ 'ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု' တိုက်တွန်းချက်သည် ယင်းအခြေအနေမျိုးကို အပြန်အလှန်ဖြည့်စွက်ရန် အရှိန်မြှင့်တင်ပေးလိုက်ခြင်းပင်ဖြစ်သည်"ဟု စိန်ကျိုရှုက ပြောသည်။

ကမ္ဘာ့စီးပွားရေးပြုပြင်ပြောင်းလဲမှု အဆက်မပြတ်နက်ရှိုင်းလာခြင်း၊ စွန့်စားမှုအမျိုးမျိုးပေါင်းခြုံခြင်းနှင့် ထုတ်လွှင့်ခြင်းသည် "ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု" တည်ဆောက်ရေးလုပ်ငန်းအတွက် စိန်ခေါ်မှုအမျိုးမျိုး ပါလာမှာဖြစ်သော်လည်း အကျိုးတူ ပူးပေါင်းဆောင်ရွက်သော၊ အပြန်အလှန် အကျိုးရရှိသော အခြေအနေကြီးသည် ပြောင်းလဲသွားမှာ မဟုတ်ကြောင်း သက်ဆိုင်ရာသုံးသပ်သူများက ဖော်ပြခဲ့သည်။ တရုတ်သမ္မတရှီကျင့်ဖျင်မှ ပြောကြားခဲ့သည့်မိန့်ခွန်းကလည်း အနာဂတ်တွင် တရုတ်နိုင်ငံသည် အတွင်းအရေးများကို ကောင်းမွန်အောင်ဆောင်ရွက်ပြီး အတွင်းပိုင်းနှင့်အပြင်ပိုင်းအကြားပိုမိုသဟဇာတဖြစ်က "ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု" စီမံကိန်းကို တရုတ်နှင့် လမ်းတစ်လျှောက်ရှိနိုင်ငံတို့မှ ပြည်သူများအား ပိုမိုကောင်းမွန်စွာသုခချမ်းသာပေးစေမည်ဟုထင်ရှားစွာဖော်ပြခဲ့သည်။

"ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု" တိုက်တွန်းချက်သည် အပြန်အလှန်အကျိုးရရှိစေခြင်းဖြစ်သည်။ "တရုတ်အမြန်ရထား"မှ ကြိုဆိုပါ၏။

သတင်းထောက် - ဝမ်ကျွင့်လင်

# အရှေ့တိုင်း "သံစုံတီးဝိုင်း"ကို နားဆင်ကြ

ဩဂုတ်လ ၂၄ ရက်နေ့ညပိုင်းတွင် "ကုန်းမြင့်အလှကို မူးယိုင်၊ လန်းဆန်းတက်ကြွသောရောင်စုံယူနန်"ရောင်စုံယူနန် ပြည်လုံးကျွတ်လက်ကိုင်ဖုန်းမီဒီယာများခရီးစဉ်အဖွဲ့မှ သတင်းထောက်များသည် ကွမ်နန်ခရိုင်တွင် "ဖြတ်သန်းမှုခရီးစဉ်"ကို ကျင်းပခဲ့သည်။ ကျွမ့်တိုင်းရင်းသားများနေထိုင်ရာအရပ်မှ မင်္ဂလာပွဲဆိုင်ရာဂီတဖျော်ဖြေပွဲတစ်ပွဲဖြင့် တရုတ်ထန်မင်းဆက်နှင့် စုန့်မင်းဆက်တုန်းက ရေပန်းစားခဲ့သော တီးကွက်တီးလုံးကို သီဆိုပြီး သတင်းယူရန်သတင်းထောက်များအား အံ့အားသင့်မဆုံးဖြစ်မိခဲ့သည်။ "မြောက်ပိုင်းတည့်တည့်" ကွန်ရက်မှ အယ်ဒီတာချုပ်တင်းယန်သည် ကျွမ့်တိုင်းရင်းသားတို့၏ မင်္ဂလာပွဲဆိုင်ရာတေးဂီတများကို ပထမဆုံးအကြိမ်နားဆင်မိသောအခါ ဆန်းကျယ်လှသည်၊ ယခုခေတ်မှ ရှေးခေတ်သို့ ဖြတ်သန်းသွားသကဲ့သို့ ခံစားရသည်ဟုသူမကပြောသည်။




ကျွမ့်တိုင်းရင်းသားများ နေထိုင်ရာအရပ်မှ မင်္ဂလာပွဲဆိုင်ရာ တေးဂီတများသည် ယူနန်ပြည်နယ်အရပ်ပိုင်းတေးဂီတသုခုမပညာ၏ သက်ရှိရုပ်ကြွင်းဟူ၍ဆိုနိုင်သည်။ တရုတ်ဘုရင်ဝမ်ချန်းက ပြည်သူလူထုများကို သွန်သင်ပေးခဲ့သော မင်္ဂလာပွဲဆိုင်ရာတေးဂီတ တစ်နည်းအားဖြင့် တံ့ကျင်းခေါ်တေးဂီတမှ မြစ်ဖျားခံရခြင်းဖြစ်သည်။ ထို့ပြင်တရုတ်ထန်မင်းဆက်နှင့် စုန့်မင်းဆက်တုန်းက တရုတ်အလယ်ပိုင်းမြေပြန့်ဒေသ၊ နေပြည်တော်နှင့်မြို့ပြဒေသများတွင် ရေပန်းစားခဲ့သောနန်းတွင်းတေးဂီတ၊ ကဗျာ၊ အရပ်ပိုင်းတီးကွက်တီးလုံးများကိုလည်း ပေါင်းစည်းထားသည်။ ထိုခေတ်တုန်းက သွန်သင်ပေးသောကိရိယာအဖြစ် ကျွမ့်တိုင်းရင်းသားများနေထိုင်ရာအရပ်သို့ ပြန့်ပွားသွားပြီး ဒေသန္တရတိုင်းရင်းသားတေးဂီတများနှင့်ပေါင်းစပ်ကာ နှစ်ပေါင်းထောင်နှင့်ချီ၍ ဆက်ခံသီဆိုနိုင်ခဲ့သည်။

တင်ဆက်ဖျော်ဖြေပွဲတွင် သရုပ်ဆောင်များက"ကျယ်ကွေ့လင့်"၊"လောက်ကွာတျော့"၊ "ရှန်းကျားလော့"၊ "ချင်းဟော်စုံ"၊ "ရှောက်မာယောင်လင်း" စသည့်အနှစ်ကျသော တေးဂီတများကို တင်ဆက်ပြသခဲ့သည်။ ထိုတေးဂီတများမှပါရှိသော တရုတ်ထန်မင်းဆက်၊ စုန့်မင်းဆက်အငွေ့အသက်မှာ ထင်ရှားမြဲထင်ရှားလျက်ရှိနေသည်။ အသံပြေစဉ်ရဲမာန်ပြည့်လျှမ်းပြီး အရာခပ်သိမ်းကို သိမ်းကျုံးလက်ခံပုံ၊ အရပ်လေးမျက်နှာမှ ဒီရေများကို လက်ခံပုံရသည်။ ပြင်းပြသည့်အခါ တိမ်ညိုတိမ်ပုပ်ဖိလာသကဲ့သို့ အဲမောင်းသံ၊ မြင်းဟီသံများဖြင့် ဆူဆူညံညံဖြစ်မိသည်။ သိမ်မွေ့သည့်အခါ ပန်းမန်များဝေဝေဆာဆာဖူးပွင့်ပုံ၊ အင်ကြင်းခက်များခါရမ်းပုံရသည်။ ပျော်မြူးသည့်အခါ မြင်းဆည်းလည်းသံများဖြင့် ခြိမ့်ကျူး၍ ကြည်နူးဖွယ်ကောင်းလှပြီး စည်ကားဆူညံနေသောဈေးထဲသို့ ဝင်ရောက်သွားသကဲ့သို့ပင်ဖြစ်သည်။

ကွမ်နန်ခရိုင် ကျွမ့်တိုင်းရင်းသားများနေထိုင်ရာအရပ်မှ မင်္ဂလာပွဲဆိုင်ရာ တေးဂီတများသည် တီးကွက်တီးလုံး အကြောင်းအရာဖြစ်စေ၊ ဆိုပုံဆိုနည်းသံစဉ်စတိုင်လ်ဖြစ်စေ၊ သိုင်းရေးဂီတပုံစံဖြစ်စေ၊ အားလုံးတမူထူးခြားပြီး သဘာဝအလျောက် စနစ်ကျလာသည်။ နွားဦးချိုခရာ၊ မြင်းရိုးစောင်း၊ ကြေးစည်၊ သိုးဦးချိုခေါင်းလောင်းစသည့်ကွမ်နန်ခရိုင်ကျွမ့်တိုင်းရင်းသားတို့၏ဝိသေသထူးခြားချက်ပါသော တူရိယာများနှင့် ပေါင်းသွင်းလိုက်သည်။ တရုတ်နိုင်ငံ၏ သမိုင်းအရှည်ဆုံး၊ တိုင်းရင်းသားဝိသေသထူးခြားချက်အပါဆုံးသော အရှေ့တိုင်း "သံစုံတီးဝိုင်း" ဖြစ်သည်ဟု ဆိုနိုင်သည်။

သတင်းဆောင်းပါးနှင့်ဓာတ်ပုံ
- လီကျဲ၊ ဖန်ချွင်ရန့်